ထီပျဉ်ကျေးရွာ

ပန်းတန်ကျေးရွာအုပ်စု ၊ မောက်မယ်မြို့နယ်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက် (၂၀၂၄ - ၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ

ထီပျဉ်ကျေးရွာ ၊ မောက်မယ်မြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၄ ခုနှစ် ၊ အောက်တိုဘာ ( ) လ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃-၄
	ကျေးရွာ သယံဇာတပြဓြေပုံ၊	၅
	ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊	၆
	ကျေးရွာတွင်းနှင့်ကျေးရွာ ပြင်ပအဖွဲ့အစည်းများဆက်စပ်မှုပြပုံ၊	၇
အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ		
၁။	တည်နေရာနှင့် ပထဝီဝင် အနေအထား	၈
၂။	လူဦးရေဆိုင်ရာ အချက်အလက်များ	၈
၃။	ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ	၈
၄။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	
	(က) သီးနှံ စိုက်ပျိုးရေး	၈
	(ခ) မွေးမြူရေးလုပ်ငန်း	၉
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၉
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၉
၅။	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၉
	(ခ) ကျေးရွာ မီးလင်းရေး	၁၀
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၁၀
၆။	ပညာရေး	၁၀
၇။	ကျန်းမာရေး	၁၀
၈။	ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၀
၉။	ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ	၁၀
၁၀။	ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး	၁၁
၁၁။	ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး	၁၁
၁၂။	ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ	၁၂
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်		
	စီမံချက် အဆိုပြုလွှာ (၁)	၁၃-၁၅
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၆
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၇-၂၄
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၂၅-၂၆

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၈/၂၀၂၉ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို အစီအစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း ကျေးရွာလူထုများသည် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်ရသည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်း ဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ ဝန်ထမ်းများမှ သင်တန်းသင်ကြား ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်း နှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှ လည်းကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။


ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု ၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤအစီအစဉ်တွင် အဓိကအားဖြင့် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအခြေအနေများပါဝင်ပြီး ၊ အပိုင်း(ခ)တွင် စီမံကိန်းဆိုင်ရာအချက်အလက် ၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်း များ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ထီပျဉ်ကျေးရွာ ၊ ပန်းတန်ကျေးရွာအုပ်စု
မောက်မယ်မြို့


ထီပျဉ်ကျေးရွာ ၊ မောက်မယ်မြို့နယ် ၊ သယံဇာတပြမြေပုံ



ထီပျဉ်ကျေးရွာ ၊ မောက်မယ်မြို့နယ် ၊ ရာသီခွင်ပြ ပြက္ခဒိန်



ထီပျဉ်ကျေးရွာ ၊ မောက်မယ်မြို့နယ် ၊ ရွာတွင်းနှင့်ကျေးရွာ ပြင်ပအဖွဲ့အစည်းများ ချိတ်ဆက်မှုပြပုံ



ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်
ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ထီပျဉ်ကျေးရွာသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင် ၊ မောက်မယ်မြို့နယ်၊ ပန်းတန် ကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ မောက်မယ်မြို့ နှင့် (၃၆/၀)မိုင်ကွာဝေးပြီး မောက်မယ်-တောင်ကြီးသွားကားလမ်းမကြီးဘေးမှ (၆/၀)မိုင်တွင်တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေးမှာ ကျောက်ခဲလမ်းဖြစ်ပြီး သွားလာလွယ်ကူပါသည်။ ကျေးရွာတွင် အဓိကအားဖြင့် စိုက်ပျိုးရေး ကိုသာလုပ်ကိုင်ကြပြီး စပါး ၊ မြေပဲ ၊ ပြောင်း ၊ ပဲပုတ် ၊ ငရုတ်စသည့် သီးနှံများကို စိုက်ပျိုးကြပါသည်။ မွေးမြူရေးနှင့် အခြားဝင်ငွေရလုပ်ငန်းလုပ်ကိုင်သူ အသင့်အတင့်သာရှိပါသည်။ မြောက်ဘက်တွင် ပင်တခကျေးရွာ ၊ တောင်ဘက်တွင် နမ္မဟိတ်ကျေးရွာတို့ တည်ရှိပါသည်။

၂။ လူဦးရေဆိုင်ရာ အချက်အလက်များ

ထီပျဉ်ကျေးရွာတွင် အိမ်ထောင်စု (၃၀၉)စု ၊ လူဦးရေပေါင်း (၁၄၉၉)ဦး ရှိပါသည်။ ကျေးရွာ တွင် ပအိုဝ်းလူမျိုးများ နေထိုင်ကြပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့ ၊ ဖွံ့ဖြိုးရေးဆိုင်ရာအဖွဲ့ ၊ ဘာသာရေးဆိုင်ရာအဖွဲ့ ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာအဖွဲ့အစည်းများရှိပါသည်။ ကျေးရွာတွင်း ဖွဲ့စည်းထားသော အစုအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းတာဝန်များအား တက်ကြွစွာပူးပေါင်းဆောင်ရွက်ကြပါသည်။ ပြင်ပလူမှုရေးအဖွဲ့အစည်းများ ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုအနည်းငယ် အားနည်းပါသည်။ သက်ဆိုင်ရာဌာနဆိုင်ရာများမှ ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ လုပ်ငန်းများကို မြို့နယ်ကျေးလက်ဦးစီးဌာနမှ အဓိကထားဆောင်ရွက်ပေးပါသည်။ အခြားသောဌာနဆိုင်ရာအဖွဲ့အစည်းများ အနေဖြင့် ကျန်းမာရေးဆိုင်ရာအသိပညာပေးကိစ္စများ တစ်ခါတစ်ရံရှိပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး ဇယား:

ကျေးရွာတွင်လယ်မြေ ၊ ယာမြေ ၊ ဥယျာဉ်ခြံမြေ အသီးသီးအလိုက်ပိုင်ဆိုင်မှုများရှိကြပါသည်။ တောင်ယာမြေပိုင်ဆိုင်မှု အများဆုံးဖြစ်ပြီး အဓိကအားဖြင့် စပါး ၊ မြေပဲ ၊ ပြောင်းဖူး ၊ ငရုတ် နှင့် ပဲပုပ်များကို ရာသီအလိုက် အလှည့်ကျစိုက်ပျိုးပါသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန် ဆောင်မှုများ ရရှိပါသည်။ အိမ်ထောင်စု၏ (၂၄)စုသည် အဆင်ပြေသောအိမ်ထောင်စု ၊ (၁၂၁)စု သည် အလယ်အလတ်အဆင့် အိမ်ထောင်စု ၊ (၁၂၄)စုသည် ဆင်းရဲသောအိမ်ထောင်စုနှင့် (၄၀)စုသည် အလွန်ဆင်းရဲ

သော အိမ်ထောင်စုအဖြစ် သတ်မှတ်ကြပါသည်။ ကျေးရွာသည် တောင်ယာစိုက်ပျိုးရေးလုပ်ငန်း ကိုသာ အဓိကထားလုပ်ကိုင်ကြပြီး လယ်ယာမြေသုံးစက်ကိရိယာများ ပိုင်ဆိုင်သူအနည်းငယ်သာရှိပါသည်။ အများစုမှာ ငှားရမ်းသုံးစွဲကြပါသည်။ စိုက်ပျိုးရေးအဖြစ် မိုးရေကိုသာ အားထားစိုက်ပျိုးလုပ်ကိုင် ကြပါသည်။ ရာသီဥတုအနေအထားသည် စိုက်ပျိုးသီးနှံများ စိုက်ပျိုးရန်အတွက် အဆင်ပြေသောကြောင့် ကျေးရွာစီးပွားရေးအခြေအနေမှာ အသင့်အတင့်ကောင်းမွန်သော်လည်းစျေးနှုန်းမတည်ငြိမ်မှု၊ မြေဩဇာ စျေးနှုန်းမြင့်မားမှုကြောင့် အမြတ်ရရှိမှုနည်းပါးပါသည်။ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အနေဖြင့် လက်သမား ၊ ပန်းရံ ၊ စိုက်ပျိုးရေးနေ့စားစသည့် လုပ်ငန်းများတွင်ဝင်ရောက်လုပ်ကိုင်သူများ ရှိပါသည်။ ပြည်တွင်း ၊ ပြည်ပဒေသများသို့ ဝင်ငွေရလုပ်ငန်းများအတွက် သွားရောက်လုပ်ကိုင်သူ (၇၅) အိမ်ထောင်စု ၊ (၉၄)ဦးရှိပြီး အဆင်ပြေပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် ကွဲ ၊ နွား ၊ နွားနောက် ၊ ကြက် ၊ ဝက်စသည့် တိရစ္ဆာန်တို့ကို တစ်ပိုင်တစ်နိုင်သာ မွေးမြူထားကြပါသည်။ စားကျက်မြေသီးသန့်မရှိပါ။ စိုက်ပျိုးရေးအား အဓိကထား လုပ်ကိုင်ကြပါသည်။ တောင်ပေါ် ဒေသဖြစ်၍ ငါးမွေးမြူမှုမရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာတွင်စိုက်ပျိုးရေးလုပ်ငန်းမှအပ အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်း မရှိပါ။ အခြားဝင်ငွေရ လုပ်ငန်းများမှာ နေ့စားအလုပ်များ၊ စျေးဆိုင်ရောင်း၊ အရောင်းအဝယ်၊ လက်သမား ၊ပန်းရန် လုပ်ငန်း တို့ဖြစ်ကြသည်။ နေ့စားလုပ်ငန်း အမျိုးသားများမှာ ဆရာအဆင့် (၁၅၀၀၀)ကျပ် နှင့် အလုပ်ကြမ်းသမား အဆင့် (၁၀၀၀၀)ကျပ် ရရှိကြပါသည်။ အမျိုးသမီးများမှ တစ်နေ့လျှင် လုပ်အားခ (၁၀၀၀၀)ကျပ် ရရှိကြ ပါသည်။ အမျိုးသား/အမျိုးသမီးများမှာ ကွာဟမှုများစွာ မရှိကြောင်းတွေ့ရှိရပါသည်။ လုပ်ငန်းအများစု မှာ ရာသီဥတုနှင့်အမျိုးအစား အလိုက်အသင့်အတင့် အနေအထားတွင်ရှိသည်။ သင်တန်းများတက် မြောက်မှုနည်းပါးခြင်းကြောင့် ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်ရရှိမှု အခွင့်အလမ်းနည်းပါး ပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများအနေဖြင့် ကျေးလက်ဦးစီးဌာန၏ မြစိမ်းရောင် ကျေးရွာစီမံကိန်းမှ အဓိကထား ချေးယူရရှိပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ်(၂၆၂)စီး ၊ စက်ဘီး(၂) စီး၊ ထော်လာကျီ(၁)စီး၊ ကား(၁၇)စီး၊ နွားလှည်း(၆၂)စီးရှိပါသည်။ ကျေးရွာသည် တောင်ကြီး-မောက်မယ် ကတ္တရာလမ်းနှင့် (၆/၀)မိုင်အကွာတွင် တည်ရှိသဖြင့်မြို့သို့ လွယ်လင့်တကူ သွားရောက်နိုင်ပါသည်။

ကျေးရွာသို့သွားရာလမ်းသည် ကျောက်ချောလမ်းများဖြစ်သောကြောင့် ပွင့်လင်းရာသီတွင် သွားလာရခက်ခဲမှုမရှိသော်လည်း ရွာတွင်းလမ်းအချို့မှာမြေလမ်းများသာဖြစ်သဖြင့် မိုးရာသီတွင်လမ်းချော်ခြင်းများ ကြုံတွေ့နေရပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် ဆိုလာမီးလင်းရေးကို အဓိကထားအသုံးပြုကြပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ဆက်သွယ်ရေးအနေဖြင့် Mytel ဖုန်းလိုင်းသာရှိသဖြင့် ဖုန်းဆက်သွယ်ရာတွင် အခက်အခဲအနည်းငယ်ရှိပြီး အင်တာနက်လိုင်းများ ဆက်သွယ်လို့ရရှိပါသည်။

၆။ ပညာရေး

ကျေးရွာတွင် အလယ်တန်းကျောင်း(ခွဲ)ရှိသဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ယူနိုင်ကြသည်။ ကျောင်းဆောင်မှာ သွပ်မိုး ၊ အုပ်ညှပ်ကျောင်းဆောင်ဖြစ်သည်။ ကျောင်းသုံးပရိဘောဂများနှင့် ကျောင်းဆရာ / ဆရာမ အင်အားလုံလောက်မှု မရှိပါ။ ကျေးရွာရှိ အသက်အရွယ်ကြီးသူများမှာ စာမတတ်သူဦးရေ နှင့် မူလတန်း အဆင့်ဦးရေများပြားပါသည်။

၇။ ကျန်းမာရေး

ကျေးရွာတွင် ကျန်းမာရေးဌာနခွဲရှိသဖြင့် သွားရောက်ကုသမှု လွယ်ကူပါသည်။ ကျန်းမာရေးဝန်ထမ်းများမှ ကျေးရွာသူ/သားများ၏ ကျန်းမာရေးကိစ္စရပ်များ ၊ ကာကွယ်ဆေးထိုးနှံမှုတို့ကို ဆောင်ရွက်ပေးမှုများရှိပါသည်။ ကျေးရွာရှိ အိမ်ထောင်စုများအားလုံ ယင်လုံအိမ်သာများ များသုံးစွဲကြသဖြင့် ယင်ကြောင့်ဖြစ်ပွားတက်သော ဆက်စပ်ရောဂါများဖြစ်ပွားမှု နည်းပါးပါသည်။ ရာသီ ကူးပြောင်းကာလများတွင် တုတ်ကွေး ၊ ဝမ်းပျက်ဝမ်းလျှော ဖြစ်ပွားမှုများရှိပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျေးရွာ၏စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ပြီး၊ ပိုးသတ်ဆေးနှင့် ဓာတုမြေဩဇာသုံးစွဲ မှုများပြားလာသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာကာ သီးနှံအထွက်နှုန်းမှာ တစ်နှစ်ထက်တစ်နှစ် လျော့နည်းလာပါသည်။ တောင်သူများအနေဖြင့်အလွယ်တကူရရှိနိုင်သော ဓာတုပိုးသတ်ဆေး များကိုအသုံးပြုမှုများပြားသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု အနေဖြင့် စွန့်ပစ်ပစ္စည်းများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး လုပ်ငန်းများမြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

မိသားစုအတွင်းကျား-မတို့၏ အခန်းကဏ္ဍမှာ အမျိုးသားများကသာ ဦးဆောင်၍ ဆုံးဖြတ်ကြကြောင်းတွေ့ရသည်။ ရပ်ရွာအတွက်ကိစ္စများတွင် အမျိုးသားများသာမက အမျိုးသမီးများပါ ပါဝင်ဆောင်ရွက်ကြကြောင်း တွေ့ရှိရပါသည်။ အမျိုးသမီးများမှာ အိမ်မှုကိစ္စများနှင့် သားသမီးငယ်များကို

ပြုစုထိန်းကျောင်းခြင်းအပြင် အိမ်ဏာစီးပွားရေးလုပ်ငန်းနှင့် စိုက်ပျိုးရေး လုပ်ငန်းများတွင်လည်း ဝင်ရောက်လုပ်ကိုင်ကြပါသည်။ ပြင်းထန်သောအိမ်တွင်း အကြမ်းဖက်မှုနှင့်ကျား-မ ခွဲခြားဆက်ဆံခြင်း ကိစ္စများမတွေ့ရပါ။

၁၀။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

လူငယ်များသည် ကျေးရွာလူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ကြပြီး ဘာသာရေးပွဲများတွင်လည်း ရိုးရာအကများဖြင့် တင်ဆက်ပါဝင်ကြပါသည်။ နွေရာသီကျောင်းပိတ်ရက်များတွင် မူလတန်း ၊အလယ်တန်း၊ ကျောင်းသားများအား စာပေယဉ်ကျေးမှုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် မြောင်းတူးလမ်းပြုပြင်ခြင်း၊ လုပ်ငန်းများတွင် ပူးပေါင်းပါဝင်မှုရှိပါသည်။

၁၁။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကိုချောမွေ့စေပါသည်။

၁၂။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ထီပျဉ်ကျေးရွာ၏စီမံချက်အလိုက် ဦးစားပေးအစီအစဉ်များကိုဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုများသည် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ခဲ့ကြပါသည်။ တချို့စီမံချက်ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ ၊ အဖွဲ့အစည်းများ၏ နည်းပညာအကူအညီများ ရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာလူထုမှ ဦးစားပေးနှစ်အလိုက် ရွေးချယ်ဖော်ထုတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများကို သက်ဆိုင်ရာဦးစီးဌာနများ၏ ဘတ်ဂျက်များတွင် လျာထားဆောင်ရွက်ပေးနိုင်ရေးအတွက် ဌာနနှင့်ကျေးရွာလူထုများမှ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

စဉ်	စီမံချက် (Project)	ဦးစားပေးအဆင့်	၂၀၂၃	၂၀၂၄	၂၀၂၅	၂၀၂၆	၂၀၂၇
၁	စိမ့်စမ်းရေသွယ်ယူခြင်း၊ဆိုလာပန့်ဝယ်ယူခြင်း၊ဆိုလာစင်တည်ဆောက်ခြင်း၊	၁	√				
၂	ကျေးရွာတွင်းလမ်းခင်းခြင်း	၂		√			
၃	မူကြိုကျောင်းတည်ဆောက်ခြင်း	၃			√		
၄	လျှပ်စစ်မီးရရှိရေး	၄				√	
၅	တံတားတည်ဆောက်ခြင်း	၅					√
၆							
၇							
၈							
၉							
၁၀							

အပိုင်း (ခ)

စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project Profile)

ကျေးရွာ	- ထီပျဉ်းကျေးရွာ
ကျေးရွာအုပ်စု	- ပန်းတန်ကျေးရွာအုပ်စု
မြို့နယ်	- မောက်မယ်မြို့နယ်
တိုင်း/ပြည်နယ်	- ရှမ်းပြည်နယ်(တောင်ပိုင်း)
စီမံချက်အမည်	- ရေပိုက်သွယ်တန်းခြင်း(၁၆၈၀') ၊ ဆိုလာပန်နယ်တပ်ဆင်ခြင်း ၊ ဆိုလာစင်တည်ဆောက်ခြင်း
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ ကျွန်တော်တို့ကျေးရွာသည် လက်ရှိတွင်ကျေးရွာမှ ၀/၂ မိုင်အကွာတွင်ရှိသော ရေထွက်မှ အဓိကထားသုံးစွဲနေရပြီး ကျေးရွာတွင်လူဦးရေများပြားခြင်းကြောင့် ရေလုံလောက်မှု မရှိဘဲ အခက်အခဲများကြုံတွေ့နေရပါသည်။ နွေရာသီတွင် ရေရှားပါးခြင်း ၊ သောက်သုံးရေဖူလုံမှု မရှိခြင်းများကြောင့် ကျေးရွာ၏ ပညာရေး ၊ ကျန်းမာရေးကိစ္စရပ်များတွင် အခက်အခဲများရှိပါသည်။	
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်) VDP စီမံကိန်းဖြင့် ရေပိုက်သွယ်တန်းခြင်း ၊ ဆိုလာပန်တပ်ဆင်ခြင်းနှင့် ဆိုလာစင်တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်မည်ဆိုပါက ကျေးရွာတွင်တစ်နှစ်ပတ်လုံးသန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိမည်ဖြစ်ပါသဖြင့် အဆိုပါရေရရှိရေးလုပ်ငန်းအား ဆောင်ရွက်ရန် ကျေးရွာသူ/သားများကိုယ်တိုင် အတည်ပြုရွေးချယ်ထားခြင်းဖြစ်ပါသည်။	
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီး နောက်ထပ်ဆင့် ရရှိလာမည့် အကျိုးကျေးဇူးများ) VDP စီမံကိန်းဖြင့် ရေပိုက်သွယ်တန်းခြင်း ၊ ဆိုလာပန်တပ်ဆင်ခြင်း ၊ ဆိုလာစင်တည်ဆောက်ခြင်းလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဆိုပါက ကျေးရွာတွင် ရေဖူလုံစွာသုံးစွဲနိုင်ပြီး ပညာရေး ၊ ကျန်းမာရေးများအတွက် လိုအပ်သော သောက်သုံးရေအား ဖူလုံစွာရရှိနိုင်မည်ဖြစ်ပါသည်။	

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ဘယ်လောက် ပမာဏလုပ်ရမည်)

VDP စီမံကိန်းထောက်ပံ့ငွေဖြင့် ရေပေးရေးလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျေးရွာပြည်သူများမှ လုပ်အားနှင့် ငွေအားများကို တတ်နိုင်သလောက်ထည့်ဝင် ပူးပေါင်းဆောင်ရွက်သွားပါမည်။

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု သိန်း(၁၇၄)ကျပ်

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	**ထည့်ဝင်မည့် အစီအစဉ်**
• ၁၅၀ သိန်း (ငွေသား) • ၂၅ သိန်း (ငွေသား) • ပစ္စည်း/လုပ်အား (ပစ္စည်း/လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	**လူဦးရေ**			**ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)**				
	ကျား	**မ**	**ပေါင်း**	၁	၂	၃	၄	**ပေါင်း**
ကျေးရွာအဆင့်	၇၀၃	၇၉၆	၁၄၉၉	၂၄	၁၂၁	၁၂၄	၄၀	၃၀၉
အကျိုးခံစားမည့်သူ ဦးရေ	၇၀၃	၇၉၆	၁၄၉၉	၂၄	၁၂၁	၁၂၄	၄၀	၃၀၉
မှတ်ချက်။ ချောင်လည်အဆင့်-၁၊ အလယ်အလတ်အဆင့်- ၂ ၊ ဆင်းရဲ- ၃ ၊ အလွန်ဆင်းရဲ - ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာအကူအညီဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ကော်မတီမှ ဦးဆောင်၍ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း - ၁၈.၉.၂၀၂၄

(၃) စီမံချက် ပြီးစီးမည့် အချိန် - ၃၀.၁၂.၂၀၂၄

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီများသည် စီမံကိန်းမဆောင်ရွက်မီ ကျေးရွာသူ/သားများအား အစည်းအဝေးခေါ်ယူ၍ VDP ဖြင့်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား အသေးစိတ်ရှင်းလင်းသွားမည်ဖြစ်ပြီး ကျေးရွာသူ/သားများကိုလည်း လုပ်အားနှင့်ငွေကြေး အင်အားများ ထည့်ဝင်နိုင်ရေး စည်းရုံးဆောင်ရွက်သွားပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်သည့်ရန်ပုံငွေရရှိရေးအတွက် ကျေးရွာမှသက်ဆိုင်ရာကော်မတီတစ်ရပ်ပြန်လည် ဖွဲ့စည်း၍ အဆိုပါကော်မတီထံသို့ လုပ်ငန်းအား စနစ်တကျအပ်နှံသွားမည်ဖြစ်ပါသည်။ ကော်မတီမှလည်း ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်သည့် ရန်ပုံငွေများရရှိရေးအတွက် ဆက်လက်စည်းရုံးဆောင်ရွက်သွားပါမည်။

နောက်ဆက်တွဲ (၁)

၁၃။ ထီပျဉ်ကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	တာဝန်	မှတ်ချက်
၁	ဦးခွန်ထွန်းလှိုင်	ဦးတင်အုန်း	၁၃/မမန (နိုင်) ၀၁၅၅၉၃	ဥက္ကဋ္ဌ	
၂	ဦးခွန်ပညာ	ဦးထွန်	၁၃/မမန (နိုင်) ၀၁၅၆၆၁	အတွင်းရေးမှူး	
၃	ဦးကျော်လွင်	ဦးပွား	၁၃/မမန (နိုင်) ၀၄၇၅၇၃	ဘဏ္ဍာရေးမှူး	
၄	ဦးထွန်းအေး	ဦးစံပေါင်း	၁၃/မမန (နိုင်) ၀၁၀၀၄၃	စာရင်းကိုင်	
၅	ဒေါ်နန်းပေ	ဦးဝေး	၁၃/မမန (နိုင်) ၀၃၀၉၀၄	အဖွဲ့ဝင်	
၆	ဒေါ်နန်းညိုဖေ	ဦးဖေ	၁၃/မမန (နိုင်) ၀၃၀၉၀၃	အဖွဲ့ဝင်	
၇	ဒေါ်နန်းစောမိုးမိုးစံ	ဦးခန်မောင်တုန်း	၁၃/မမန (နိုင်) ၀၃၆၄၀၃	အဖွဲ့ဝင်	

ထီပျဉ်ကျေးရွာ ဝယ်ယူရေးဆပ်ကော်မတီစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	တာဝန်	မှတ်ချက်
၁	ဦးခွန်ထွန်းလှိုင်	ဦးတင်အုန်း	၁၃/မမန (နိုင်) ၀၁၅၅၉၃	ဥက္ကဋ္ဌ	
၂	ဦးကျော်လွင်	ဦးပွား	၁၃/မမန (နိုင်) ၀၄၇၅၇၃	ဘဏ္ဍာရေးမှူး	
၃	ဒေါ်နန်းညိုဖေ	ဦးဖေ	၁၃/မမန (နိုင်) ၀၃၀၉၀၃	စာရင်းကိုင်	

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ
(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ
ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူအရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၈	၉	၁၇		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၄၉	၅၉	၁၀၈		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၇၈	၈၂	၁၆၀		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၁၃	၉၅	၂၀၈		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၄၃၇	၅၁၃	၉၅၀	၁	၂
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၉	၃၈	၅၆		
စုစုပေါင်း		၇၀၃	၇၉၆	၁၄၉၉	၁	၂
စုစုပေါင်း အိမ်ထောင်စု		(၃၀၉) စု				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် အိမ်ခြေ (၃၀၉)ရှိပြီး လူဦးရေပေါင်း (၁၄၉၉)ဦးရှိပါသည်။ ကျေးရွာလူဦးရေ၏ (၉၀၅)မှာ အလုပ်လုပ်နိုင်သည့် အရွယ်ဖြစ်သောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အရေးဖြစ်သည်ဟု မှတ်ယူမိပါသည်။ ကျေးရွာတွင် ပအိုဝ်းလူမျိုးများ အများဆုံးနေထိုင်ကြပြီး စိုက်ပျိုးရေးကိုသာ အဓိကထားလုပ်ကိုင်ကြပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား
(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား
ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၃၀၉	၉၀၅	၁၄	၄၀၄	၅၀၁	၁၉	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၇	**ပညာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း /							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ရာသီအလိုက်အလုပ်သမား							
၂၁	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
	စုစုပေါင်း	၃၀၉	၉၀၅	၅၄	၄၀၄	၅၀၁	၅၉	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။"**အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ**"အရေအတွက်တွင်"**မိသားစုဝင်လုပ်အား**"**ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ "**ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)**" ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ - "**စိုက်ပျိုးရေး**" ကဏ္ဍ၏ "**ကိုယ်ပိုင်လုပ်ငန်း**"တွင်ရပ်တည်နိုင်မှု "**မြင့်**" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။။။ လေ့လာတွေ့ရှိချက် ကျေးရွာတွင် အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းကိုသာ လုပ်ကိုင်အသက်မွေးဝမ်းကျောင်း ပြုကြပါသည်။ အခြားလုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စု အနည်းငယ်သာရှိပါသည်။

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၅၀၀၀	၁၀၀၀၀	၁၀၀၀၀	၁၀၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး					
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)					
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း					
၅	ထုတ်ကုန်လုပ်ငန်း					
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၅၀၀၀	၁၀၀၀၀	၁၀၀၀၀	၇၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး					

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး					
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)					
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း					

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။။။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြ၍ ကျား/မ လုပ်အားခ များစွာ ကွာဟမှုမရှိပါ။

(၈) သဘာဝရင်းမြစ်များ

(၈-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ		ကောင်း ☐	သင့် ☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁၇၄၅	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၁၇၄၅	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။။။ ကျေးရွာသည် တောင်ကုန်းပေါ်တွင်တည်ရှိသောကြောင့် လယ်မြေအနည်းအကျဉ်းသာရှိပြီး တောင်ယာမြေများပြားပါသည်။ စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြ၍ မြေယာပိုင်ဆိုင်မှုအသင့်အတင့်ရှိပြီး မြေယာမပိုင်ဆိုင်သူ အိမ်ထောင်စု (၅)စုသာ ရှိပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☑အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐အပြောင်းအလဲမရှိ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐ မရှိ☑	☒	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့☐တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - ဒီရေတောများ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။
လေ့လာတွေ့ရှိချက်။။။ ကျေးရွာတွင် ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ မရှိပါ။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၂၄	၁၂၁	၁၂၄	၄၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။။။ အဆင်ပြေသောအိမ်ထောင်စုမှာ လယ်/ယာမြေကောပေါင်း (၁၂)ကောကျော်နှင့် တိုက်အိမ် ၊ ကားနှင့် အခြားဝင်ငွေရလုပ်ငန်များ ရှိပါသည်။ အလယ်အလတ်နှင့် မပြေလည်သောအိမ်ထောင်စုများမှာ လယ်/ယာမြေကော အနည်းငယ်ပိုင်ဆိုင်ကြပြီး အလွန်မပြေလည်သောအိမ်ထောင်စုများမှာ လယ်/ယာမြေပိုင်ဆိုင်မှု မရှိဘဲ လက်လုပ်လက်စား(နေ့စား)အငှားသမားဖြစ်ကြပါသည်။ အိမ်တိုင်း ဆိုင်ကယ်ပိုင်ဆိုင်မှုရှိကြောင်း တွေ့ရှိပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအ ရေအတွက်	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စုအ ရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအ လိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်း စာဖူလုံမှု	-		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃လနှင့်ဖြလကြား ဝမ်းစာဖူလုံမှု	-		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
ဖြလမှာ၂လအထိ ဝမ်းစာဖူလုံမှု	၅၀	၂၀	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ၅၀ စု _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။။။ ကျေးရွာတွင် ဝမ်စာဖူလုံမှုစစ်တမ်းကောက်ချက်အရ "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀

ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူရာ၌ အိမ်ထောင်စု(၅၀)စုမှာ နီးစပ်ရာဆွေမျိုးများ၌ ချေးယူခြင်းဖြင့်အဆင်ပြေကြကြောင်း တွေ့ရှိရပါသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို၌ဖင့်နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	၄	၃	၇
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၂၀		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု			
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။
လေ့လာတွေ့ရှိချက်။။။ မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် အမျိုးသား (၄)ဦး နှင့် အမျိုးသမီး (၃)ဦး ၊ စုစုပေါင်း (၇)ဦး ရှိပါသည်။

(c-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ
ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု	☑			☑		
၂	လျှပ်တပြတ်ရေကြီးခြင်း	☑			☑		
၃	မုန်တိုင်းဒီရေ	☑			☑		
၄	ဆူနာမီ	☑			☑		
၅	တိုင်ဖုန်းမုန်တိုင်း	☑			☑		
၆	လေဆင်နှာမောင်း	☑			☑		
၇	ငလျင်	☑			☑		
၈	အပူလှိုင်း	☑			☑		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု	☑			☑		
၁၀	အအေးလှိုင်း	☑			☑		
၁၁	မိုးသီးကြွေကျမှု	☑			☑		
၁၂	မိုးခေါင်ခြင်း	☑			☑		
၁၃	တောမီးလောင်ခြင်း	☑			☑		
၁၄	မြစ်ကမ်းပါးပြိုခြင်း	☑			☑		
၁၅	ကမ်းရိုးတန်းတိုက်စားမှု	☑			☑		
၁၆	မြေပြိုခြင်း	☑			☑		
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု	☑			☑		
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)	☑			☑		
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း		☑			☑	
၂၀	သစ်တောပြုန်းတီးခြင်း	☑			☑		
၂၁	ငှက်ဖျားရောဂါ		☑			☑	
၂၂	တီဘီရောဂါ	☑			☑		
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	☑			☑		
၂၄	ကပ်ရောဂါ	☑			☑		
၂၅	ပြည်တွင်းပဋိပက္ခ	☑			☑		
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု		☑			☑	
၂၇	လူကုန်ကူးခြင်း	☑			☑		
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်	☑			☑		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊မိုးခေါင်ခြင်း စသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။ အိမ်ထောင်စုဝဝတွင် ၂၅အိမ်ထောင်စုအောက် – နိမ့် အိမ်ထောင်စုဝဝတွင် ၂၅မှ၅ဝအိမ်ထောင်စု – လတ်၊ အိမ်ထောင်စုဝဝတွင်၅ဝအိမ်ထောင်စုအထက် – မြင့်)

လေ့လာတွေ့ရှိချက်။။။ သဘာဝဘေးအန္တရာယ်ထိခိုက်သက်ရောက်မှု အနည်းငယ်ရှိသော်လည်း လိုက်လျောညီထွေရှိအောင် စီမံဆောင်ရွက်မှုရှိပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	☑			☑		
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု		☑			☑	
၃	ဆင်းရဲသားတောင်သူ		☑			☑	
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	☑			☑		
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	☑			☑		
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ	☑			☑		
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)	☑			☑		
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	☑			☑		
၉	ငါးကန်ပိုင်ရှင်များ	☑			☑		
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ		☑			☑	
၁၁	လူနည်းစုလူမျိုးများ	☑			☑		
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	☑			☑		
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	☑			☑		
၁၄	ရွှေတွင်းလုပ်သားများ	☑			☑		
၁၅	လှည့်လည်သွားလာ၍ဈေးရောင်းသူများ		☑			☑	
၁၆	နေရပ်ပြန်အခြေချသူများ	☑			☑		
၁၇	ရွှေ့ပြောင်းလုပ်သားများ		☑			☑	
၁၈	ကားမောင်းပြီးအသက်မွေးသူများ	☑			☑		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော

အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။။။ လူငယ်ဦးရေနှင့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများရှိသော်လည်း ထိခိုက်သက်ရောက်မှု မြင့်မားစွာမရှိပါ။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ဓမ္မစကြ်ံာကော်မတီ	၁☑၂☐၃☐		၂၀	၂၀	ပညာရေး☐ငွေကြေး☐ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☑ သင့်☐ ညံ့☐
၂	ရေကော်မတီ	၁☑၂☐၃☐	၇		၇	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☐ သင့်☑ ညံ့☐
၃	ကျောင်းကော်မတီ	၁☑၂☐၃☐	၅	၄	၉	ပညာရေး☑ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့် ☑ ညံ့☐
၄	ကျေးရွာကော်မတီ	၁☑၂☐၃☐	၇	၅	၁၂	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☑ သင့်☐ ညံ့☐
၅	ဆေးခန်း	၁☑၂☐၃☐	၇		၇	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☑ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☑ သင့်☐ ညံ့☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၆		၁☑၂☐၃☐				ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☑ သင့်☐ ညံ့☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။။။ ကျေးရွာရှိ အဖွဲ့အစည်းများမှာ ရပ်ရေး၊ရွာရေး ကိစ္စရပ်များ၌ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	ပညာရေး	၁☑၂☐၃☐၄☐၅☐၆☐၇☐	ပညာရေး☑ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၂	ကျန်းမာရေး	၁☑၂☐၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☑ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၃	ကျေးလက်ဒေသဖွံ့ဖြိုးရေးဌာန	၁☐၂☑၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး ☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑
၄	လဝက	၁☑၂☐၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၅	တိမွေးကု	၁☑၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၆	ထွေအုပ်	၁☑၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑
၇	PNO	၁☑၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုး၊ပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏သမဝါယမအသင်း၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။။။ ကျေးရွာတွင် ကျေးလက်ဦးစီးဌာန ၊ ပညာရေး ၊ ကျန်းမာရေး ၊ ထွေအုပ် ၊ PNO နှင့် လ.ဝ.က အဖွဲ့အစည်းများ နှင့် ချိတ်ဆက်မှုများ ရှိကြောင်း တွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၅	-	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၂၅	၁၀	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၈၅	၂၁	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၁၇၉	၂၁	တောင်သူလတ်
၅	၁၂.၅ဧကအထက်	၁၅	၂	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုပေါင်း		၃၀၉	၅၄	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။။။ စိုက်ပျိုးရေးဖြင့်သာ အသက်မွေးဝမ်းကျောင်းပြုကြ၍ အိမ်ထောင်စု အများစုမှာ လယ်/ယာ မြေပိုင်ဆိုင်ကြသော်လည်း အိမ်ထောင်စု (၅)စုမှာ မြေယာပိုင်ဆိုင်မှုမရှိကြောင်း တွေ့ရှိရပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၆	လက်ငင်းရေတွင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ)(မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
၇	စိမ့်စမ်းရေ	၃၀၉	တစ်နှစ်ပတ်လုံး☑ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☑
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး☑ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☑ မရှိ☐ မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☑

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။။။ စိုက်ပျိုးရေးအဖြစ် မိုးရေကိုသာအားထားအသုံးပြုသော်လည်း သောက်သုံးရေအဖြစ် စိမ့်စမ်းရေ ကို အသုံးပြုကြပါသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက် ဧက	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက်(မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
မြေပဲ	၈၀၀				√			မြင့်☐လတ်☑ နိမ့်☐	မြင့်☐လတ်☑ နိမ့်☐	မြင့်☐လတ်☑ နိမ့်☐
ပြောင်း	၁၇၄၅			√				မြင့်☐လတ်☑ နိမ့်☐	မြင့်☐လတ်☑ နိမ့်☐	မြင့်☐လတ်☑ နိမ့်☐
စပါး	၁၂၀၀				√			မြင့်☐လတ်☑ နိမ့်☐	မြင့်☐လတ်☑ နိမ့်☐	မြင့်☐လတ်☑ နိမ့်☐
ပဲပုပ်	၁၅၀၀				√			မြင့်☐လတ်☑ နိမ့်☐	မြင့်☐လတ်☑ နိမ့်☐	မြင့်☐လတ်☑ နိမ့်☐
ငရုတ်	၇၀၀				√			မြင့်☐လတ်☑ နိမ့်☐	မြင့်☐လတ်☑ နိမ့်☐	မြင့်☐လတ်☑ နိမ့်☐
								မြင့်☐လတ်☑ နိမ့်☐	မြင့်☐လတ်☑ နိမ့်☐	မြင့်☐လတ်☑ နိမ့်☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။။။ ကျေးရွာတွင် ပြောင်းသီးနှံအား အိမ်ထောင်စုအားလုံးနီးပါး စိုက်ပျိုးကြပြီး အခြားသီးနှံများအား ရာသီအလိုက် အသင့်အတင့်စိုက်ပျိုးကြကြောင်းတွေ့ရှိရပြီး စျေးကွက်မတည်ငြိမ်မှု ၊ ရာသီဥတုအမှန်မှုများကြောင့် အထွက်နှုန်းနည်းပါးပြီး အကျိုးအမြတ်နည်းပါးကြောင်း တွေ့ရှိရပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	၁			၃၀၈
လက်တွန်းထွန်စက်	၃၀			၂၇၉
အစေ့ချကိရိယာ	၁			၃၀၈
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်	၁			၃၀၈
ခြွေလှေ့စက်				
ရေစုပ်စက်	၁			၃၀၈
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်	၁			၃၀၈

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။။။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းသုံး စက်ကိရိယာများ ပိုင်ဆိုင်မှု အသင့်အတင့်ရှိပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း□ကောင်း☑သင့်တင့်မျှတ□မဖြေဆိုပါ□
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း□ကောင်း☑သင့်တင့်မျှတ□မဖြေဆိုပါ□
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ□အသင့်အတင့်ရှိ☑မဖြေဆိုပါ□
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်□ရသည်☑မဖြေဆိုပါ□
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်□သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☑မဖြေဆိုပါ□
သဘာဝမြေဆွေး /အော်ဂဲနစ်မြေဩဇာနှင့် အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ဝယ်ယူရနိုင်သည်☑မဖြေဆိုပါ□
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ဝယ်ယူရနိုင်သည်☑မဖြေဆိုပါ□
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်□ရနိုင်သည်☑မဖြေဆိုပါ□
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည်□ရနိုင်သည်☑မဖြေဆိုပါ□
သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်□ သီးနှံများကိုရောင်းချနိုင်သည်☑မဖြေဆိုပါ□
